# ကုလ အထူးသံတမန်နဲ့ ဒေါ်အောင်ဆန်းစုကြည်
# စကားပြောဖို့ ခွင့်ပြုချက် သေချာပြီ



*အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်*
*ဒေါ်အောင်ဆန်းစုကြည် (ဓါတ်ပုံ- အေပီ)*

နေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိမ်းခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဂမ်ဘားရီနဲ့ ဒီနေ့(၆-၁၁-၀၇) တွေ့ဆုံ စကားပြောခွင့်ပေးဖို့ ရက် အတိအကျ သတ်မှတ်လိုက်ပါပြီ။

ဒေါ်အောင်ဆန်းစုကြည်ဟာ ကျန်းမာရေး မကောင်းတာကြောင့် ဆေးကုသခံနေရတယ်လို့ သတင်းတွေ ထွက်ပေါ်နေချိန်မှာပဲ မြန်မာ့နိုင်ငံရေးပြဿနာကို ပြေလည်အောင် ဖြေရှင်းဖို့ နောက်ထပ် ကြိုးပမ်းတဲ့အနေနဲ့ အခုလို တွေ့ဆုံတာ ဖြစ်ပါတယ်။

မြန်မာ့အရေးမှာ ကုလသမဂ္ဂက ပါဝင်ကူညီဖြေရှင်းပေးဖို့ ဂမ်ဘားရီဟာ မြန်မာနိုင်ငံကို ပုံမှန်လာရောက်မယ့် အစီအစဉ်တွေ ရှိနေပါတယ်။ ဒါပေမယ့် ပုံမှန် သတ်မှတ်ထားတဲ့ အစီအစဉ်တွေထက် အများကြီးစောပြီး မြန်မာနိုင်ငံကို ပြန်လည် ရောက်ရှိလာခဲ့ရပါတယ်။ အကြောင်းကတော့ ပြီးခဲ့တဲ့ စက်တင်ဘာလမှာ စစ်အာဏာရှင် ဆန့်ကျင်ရေး ဆန္ဒပြခဲ့သူတွေကို စစ်အစိုးရက ရက်ရက်စက်စက် ဖြိုခွဲခဲ့တာကြောင့် မလိုလားအပ်တာတွေ ဖြစ်ခဲ့ရတာကို ဆွေးနွေးဖို့ပါပဲ။

ဒီတခေါက် ဂမ်ဘားရီ ပြန်လာတဲ့အခါမှာတော့ သူဟာ အခုချိန်ထိ နေပြည်တော်မှာ ရှိတဲ့ စစ်အစိုးရ ထိပ်ပိုင်းအရာရှိတချို့နဲ့သာ ဆွေးနွေးနေခဲ့ရပါတယ်။ မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေ အနေနဲ့ အတိုက်အခံ ခေါင်းဆောင်တွေကို စကားပြောဆိုဖို့ သူက ဖြောင်းဖျ ပြောဆိုနိုင်လိမ့်မယ်လို့ ဂမ်ဘားရီက မျှော်လင့်နေတုန်း ဖြစ်ပါတယ်။

အခုဆိုရင် ဂမ်ဘားရီဟာ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဆုံဖို့ နေပြည်တော်ကနေ ထွက်ခွာလာနေပြီလို့ ဆိုနိုင်ပါတယ်။

ဒီအတောအတွင်းမှာ ဒေါ်အောင်ဆန်းစုကြည်ဆီကို သူ့ရဲ့မိသားစုဆရာဝန်က သွားရောက်ပြီး ပုံမှန်ကျန်းမာရေး စစ်ဆေးတယ်လို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ထိုင်းအခြေစိုက် ရောဝတီ ဝက်ဆိုက်ကို ပြောပြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ အတော်လေးနေထိုင်မကောင်း ဖြစ်နေသလားဆိုတာ ကျနော်တို့ မသိပါဘူးလို့ အဖွဲ့ချုပ်ပြောခွင့်ရ ဦးဉာဏ်ဝင်းက ပြောပြပါတယ်။

စက်တင်ဘာလတုန်းက သံဃာတော်တွေနဲ့ လူထုက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်ရှေ့မှာ စုရုံးပြီး ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြပါတယ်။ အဲဒီအချိန်မှာ အသက်(၆၂)နှစ် အရွယ် ဒေါ်စုဟာ အိမ်ထဲက ထွက်လာပြီး သံဃာတော်တွေကို ရှိခိုးကြည်ညိုခဲ့တာ ရဟန်းသံဃာနဲ့ ပြည်သူ တွေက မြင်တွေ့ရပါတယ်။ ဒါဟာ နှစ်ပေါင်း လေးငါးနှစ်အတွင်း ပထမဦးဆုံး ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ဂမ်ဘားရီ ရောက်ရှိလာလို့ ဆွေးနွေးတဲ့ ဓါတ်ပုံတွေမှာလည်း ဒေါ်အောင်ဆန်း စုကြည်ကို မြင်တွေ့ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ကျောကိုက်တဲ့ ဝေဒနာကို ခံစားနေရတယ်လို့ သိရှိရပါတယ်။ သွားကိုက်တာလည်း ရှိခဲ့ဖူးပါတယ်။

"ဂမ်ဘားရီနဲ့ ရိုက်ထားတဲ့ ဓါတ်ပုံတွေမှာ ဒေါ်အောင်ဆန်းစုကြည်ကို ကြည့်ရတာ သိပ် နေကောင်းပုံ မရပါဘူး။ သူမဟာ အမြဲတမ်း ပိန်သူတယောက်ပါပဲ။ ဒါပေမယ့် အခု သူပိန်နေ တာကတော့ ပုံမှန်ပိန်တာမျိုး မဟုတ်ပါဘူး။ မသက်မသာ ခံစားနေရသလို ရှိနေပါတယ်။ ပုံမှန်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ဟာ ပိန်ပေမယ့် ကျန်းကျန်းမာမာ ရှိသူဖြစ်ပါတယ်"လို့ Burma Campaign UK ရဲ့ယာယီ ညွှန်ကြားရေးမှူး Mark Farmaner ကပြောပါတယ်။

ဒေါ်စု ကျန်းမာရေး ကျဆင်းလာတဲ့ သတင်းတွေကြောင့် မြန်မာ့နိုင်ငံရေးပြဿနာကို မဖြစ်မနေ ဖြေရှင်းဖို့ ဖြစ်လာရပါတယ်လို့ Mark Farmaner က ဆက်လက် ပြောပြသွားပြီး ဂမ်ဘားရီကိုလည်း မြန်မာစစ်ဗိုလ်ချုပ်တွေအပေါ် ပိုမိုပြတ်သားစွာ ရပ်တည်ဖို့ တိုက်တွန်းသွား ပါတယ်။

"ကမ္ဘာ့ကုလသမဂ္ဂဟာ မြန်မာ့အရေးကို ဟိုရောင် သည်ရောင် လုပ်မနေတော့ပဲ လိုအပ်သလို မဖြစ်ဖြစ်အောင် လုပ်ခိုင်းဖို့ လိုနေပါပြီ။ ကုလသမဂ္ဂက ပြဿနာကို ဖြေရှင်းရာမှာ အကြောင်း ပြချက်တွေ ခိုင်ခိုင်လုံလုံရှာပြီးမှ အေးအေးဆေးဆေး လုပ်တတ်ပါတယ်။ မြန်မာ့အရေးမှာ ဒီလိုလုပ်နေခဲ့လို့ မအောင်မြင်ရတာပါ။ ဒီမိုကရေစီအတွက် ပြုပြင်ပြောင်းလဲဖို့ ဒါမှမဟုတ် တွေ့ဆုံဆွေးနွေးဖို့ပြောတိုင်း စစ်အစိုးရကို အချိန်ဆွဲဖို့ ခွင့်ပေးသလိုသာ ဖြစ်နေခဲ့ရပါတယ်။

"တကယ်လို့ ဂမ်ဘားရီဟာ ဒီတကြိမ်မှာ ဆွေးနွေးပွဲ ဖြစ်မြောက်အောင် မလုပ်ပေး နိုင်ဘူးဆိုရင် သူ့လုပ်ငန်းစဉ်လည်း အောင်မြင်မှာ မဟုတ်တော့ပါဘူး။ အရင်လူတွေ တာဝန် မကျေခဲ့တာတွေအတွက် ကုလသမဂ္ဂရဲ့ director general ကိုယ်တိုင် ဆွေးနွေးပွဲတွေကို တာဝန်ယူ လုပ်ပေးသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာ စစ်အစိုးရဟာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တွေကို မလေးစားတတ်လို့ပါပဲ။"

မြန်မာ့အရေးကို ကုလသမဂ္ဂက ကိုင်တွယ်ပုံတွေနဲ့ ပတ်သက်ပြီး Mark Farmaner ပြောပြသွားတာ ဖြစ်ပါတယ်။

ကုလသမဂ္ဂ အထူးသံတမန် ဂမ်ဘားရီဟာ ဒီတခေါက် မြန်မာနိုင်ငံကို စနေနေ့ ကတည်းက ရောက်ရှိလာပေမယ့်လည်း အင်္ဂါနေ့ထိ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တွေ့ဖို့ ငြင်းဆန်နေတုန်း ဖြစ်လို့ ဗိုလ်ချုပ်မှူးကြီးကို တွေ့ရဖို့ စောင့်နေတုန်းပါပဲ။

ဂမ်ဘားရီရဲ့ ပြီးခဲ့တဲ့ ခရီးစဉ်တုန်းကတော့ သူဟာ လေးရက်ကြာအောင် ညှိနှိုင်းပြီးမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တွေ့ခဲ့ရတာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးကို တွေ့ပြီးမှပဲ ဂမ်ဘားရီကို ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဖို့ ခွင့်ပြုချက် ရတာဖြစ်ပါတယ်။ ဒါတောင်မှ ဒေါ်စုက မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးကိစ္စတွေကို မတောင်းဆိုရဘူး၊ စစ်အစိုးရအပေါ် ပြစ်ဒဏ်ခတ်ပိတ်ဆို့တာတွေ မတောင်းဆိုရဘူး ဆိုတဲ့ ချွင်းချက်တွေထားပြီးမှ တွေ့ခွင့်ပြုတာဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ အဲဒီ ချွင်းချက်တွေကို ပယ်ချခဲ့ပါတယ်။

အရင်တပါတ် သောကြာနေ့(၂-၁၁-၀၇)မှာတော့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရုံး အကြီးအကဲ Charles Petrie ကို နှင်ထုတ်မယ်လို့ စစ်အစိုးရက ကြေညာပါတယ်။

မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေက ပြည်သူတွေရဲ့စီးပွားရေးနဲ့ အခြေခံလိုအပ်ချက်တွေကို လုပ်မပေးနိုင်တာကြောင့် စက်တင်ဘာလမှာ ဆန္ဒပြပွဲတွေ ဖြစ်ခဲ့ရတယ်လို့ Charles Petrie က ကြေညာချက် တစောင်ထုတ်ပြန်ပြီး ဝေဖန်ခဲ့ပါတယ်။ ဒါဟာ ကုလသမဂ္ဂရုံး အကြီးအကဲ တဦးရဲ့ လုပ်ပိုင်ခွင့်ဘောင်ကိုကျော်လွန်ပြီး လုပ်တာဖြစ်တယ် လို့ စစ်အစိုးရက စွပ်စွဲပါတယ်။

စစ်အစိုးရဟာ စက်တင်ဘာ ဆန္ဒပြပွဲတွေကို ရက်ရက်စက်စက် ဖြိုခွဲခဲ့ပါတယ်။ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူတွေကို သေနတ်နဲ့ပစ်ခတ်ပြီး ထောင်ပေါင်းများစွာကို ဖမ်းဆီးခဲ့ပါတယ်။ ပစ်ခတ်ဖမ်းဆီးမှုတွေပြီးသွားတာတောင်မှ ထင်ထင်ပေါ်ပေါ် ဆန္ဒ ထပ်ပြတာ အခုဆိုရင်တော့ နှစ်ကြိမ်တိုင်တိုင် ရှိနေပါပြီ။

*Matthew Weaver and agencies ရေးသားပြီး ၂၀၀၇ နိုဝင်ဘာ (၆)ရက် Guardian Unlimited ၏ အင်တာနက်ဆောင်းပါးကို မြန်မာဘာသာသို့ ပြန်ဆိုထားပါသည်။*

http://www.guardian.co.uk/burma/story/0,,2206095,00.html

လွင်အောင်စိုး
၆-၁၁-၂၀၀၇